# ယာခုရုတိုအုပ်စု၏ လူ့အခွင့်အရေးဆိုင်ရာမူဝါဒ

ယာခုရုတိုအုပ်စုသည် "ကျွန်ုပ်တို့သည် လူနေမှု ဘဝသိပ္ပံနှင့် အဏုဇီဝ ဆိုင်ရာ စဥ်ဆက်မပြတ် သုတေသန လေ့လာတွေ့ ရှိချက်များအပေါ် အခြေခံ၍ ကမ္ဘာပေါ်ရှိ လူသားအားလုံး ကျန်းမာပျော်ရွှင်စွာနေထိုင် နိုင်ရေး ဖြည့်ဆည်းပေးသွားပါမည်။" ဆိုသည့် မူဝါဒကိုအခြေခံပြီး ကမ္ဘာအနှံ့လုပ်ငန်းချဲ့ထွင်လျှက်ရှိပြီး အဆိုပါမူဝါဒကိုအကောင်အထည်ဖော်ရာတွင် ကမ္ဘာတဝှမ်းရှိ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ကာကွယ်စောင့်ရှောက်နိုင်သော လူ့အဖွဲ့အစည်းကို ဖန်တီး အကောင်အထည် ပေါ်ခြင်းက အရေးကြီးသည့်လိုအပ်ချက်ဖြစ်သည်။

ယာခုရုတိုအုပ်စုသည် လုပ်ငန်း၏ တန်ဖိုးကွင်းဆက်နှင့် လုပ်ငန်းဆောင်ရွက်မှုများသည် လူ့အခွင့်အရေးနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်မှုရှိနိုင်ကြောင်းအသိအမှတ်ပြုထားပြီး လုပ်ငန်းနှင့်ပတ်သက်နေသူအားလုံး၏ လူ့အခွင့်အရေးကိုလေးစားတန်ဖိုးထားရန် "ယာခုရုတိုအုပ်စု၏လူ့အခွင့်အရေးမူဝါဒ" (နောင်တွင် မူဝါဒဟုရည်ညွှန်းမည်) ကိုပြဌာန်းထားပြီး လူ့အခွင့်အရေးလေးစား လိုက်နာမှုကိုမြှင့်တင်ခြင်း အား စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်၍ ရေရှည်တည်တံ့သောလူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းအား ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

ယာခုရုတိုအုပ်စုသည် ကုလသမဂ္ဂ၏ "စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာလမ်းသဘောတရား" ကို လူ့အခွင့်အရေးလေးစားလိုက်နာမှုမူဘောင်တစ်ခုအဖြစ်မှတ်ယူပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် အောက်ပါအပြည်ပြည်ဆိုင်ရာမူဝါဒများကိုထောက်ခံပြီးလိုက်နာဆောင်ရွက်လျှက်ရှိပါသည်။

- "အပြည်ပြည်ဆိုင်ရာအခွင့်အရေးဥပဒေများ" ["အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း" "နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်" "စီးပွားရေး၊လူမှုရေးနှင့်ယဥ်ကျေးမှု အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်"]
- အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) "နိုင်ငံစုံလုပ်ငန်းများ၏လူမှုမူဝါဒကြေညာချက်" "အလုပ် သမားရေးရာအခြေခံမှုနှင့်အခွင့်အရေးအိုင်အယ်လ်အိုကြေညာစာတမ်း"
- စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့(OECD) "နိုင်ငံစုံစီးပွားရေးလုပ်ငန်းများအတွက် လမ်းညွှန် ချက်များ"
- "ကလေးများအတွက်အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ" (UNICEF, UN Global Compact, Save the Children တို့မှပူးတွဲရေးဆွဲခဲ့သည်။)

ယာခုရုတိုအုပ်စုသည် ကမ္ဘာအနှံ့တွင် စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်လျှက်ရှိပြီး သက်ဆိုင်ရာနိုင်ငံ အသီးသီးတို့၏ ဥပဒေနှင့်စည်းမျဥ်းစည်းကမ်းများကို လေးစားလိုက်နာဆောင်ရွက်လျှက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းတို့ တူညီခြင်းမရှိသောအခါတွင် ကျွန်ုပ်တို့သည် ပိုမိုမြင့်မားသောစံနှုန်းကိုလိုက်နာပါသည်။ ပဋိပက္ခများပေါ်ပေါက်ခဲ့ပါက ကျွန်ုပ်တို့သည် နိုင်ငံတကာက အမြင့်မားဆုံးသတ်မှတ်ထားသော လူ့အခွင့်အရေးစံသတ်မှတ်ချက်များအတိုင်း ဖြေရှင်းရန် နည်းလမ်းများကိုရှာဖွေပါမည်။

## ၁။ ကျင့်သုံးမှုနယ်ပယ်

ဤမူဝါဒသည် ယာခုရုတိုအုပ်စု၏ အရာရှိများနှင့်ဝန်ထမ်းများအားလုံးသက်ဆိုင်အကျုံးဝင်စေရမည်။ ထို့အပြင် ယာခုရုတိုအုပ်စုသည် ၎င်း၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတွင်ပါဝင်ပတ်သက်နေသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်အားလုံးအနေဖြင့်လည်း ဤမူဝါဒကိုပံ့ပိုးကူညီရန်မျှော်လင့်ထားပြီး ကုန်သွင်း သူများအနေဖြင့်လည်း နားလည်ပြီးလိုက်နာဆောင်ရွက်မည်ဟုယုံကြည် မျှော်လင့်ထားပါသည်။

## ၂။ လူ့အခွင့်အရေးကိုလေးစားလိုက်နာရန် တာဝန်ရှိမှု

ယာခုရုတိုအုပ်စုသည် လုပ်ငန်း၏တန်ဖိုးကွင်းဆက်နှင့် လုပ်ငန်းဆောင်ရွက်မှုများသည် လူ့အခွင့်အရေးကို တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်သောသက်ရောက်မှုရှိနိုင်ကြောင်းအသိအမှတ်ပြုထားပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကိုရှောင်ရှားရန်ကြိုးပမ်းမည်ဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများမှ ဆိုးကျိုးသက်ရောက်မှုများပေါ်ပေါက်လာပါက နိုင်ငံတကာစံနှုန်းများကို အခြေခံ၍ သင့်လျော်သော အရေးယူဆောင်ရွက်မှုကိုလုပ်ဆောင်မည်ဖြစ်ပြီး တန်ဖိုးကွင်းဆက်တွင် လူ့အခွင့်အရေး စံနှုန်းများကိုလေးစားရန် ကျွန်ုပ်တို့၏တာဝန်ကိုဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ပါသည်။

## ၃။ မြှင့်တင်ရေးစနစ်ကိုထူထောင်ခြင်း

ယာခုရုတို ရုံးချုပ်ဒါရိုက်တာတစ်ဦးဖြစ်သည့် စီမံခန့်ခွဲမှုအထောက်အကူပြုဌာနမှူးသည် ဤမူဝါဒကို တာဝန် ယူမည်ဖြစ်ပြီး မူဝါဒနှင့်လိုက်နာမှုကိုပုံမှန်ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။ ဤမူဝါဒကိုအခြေခံသော ပဏာမလုပ်ဆောင်မှုများ၏ အကြောင်းအရာများကို စီမံခန့်ခွဲရေးအထောက်အကူပြုဌာနမှူး ဒါရိုက်တာ ဦးဆောင်သော CSR မြှင့်တင်ရေးကော်မတီက ချင့်ချိန်၊သုံးသပ်မှုပြုလုပ်မည်ဖြစ်သည်။ အရေးကြီးသော ကိစ္စရပ်များကိုမူ ဒါရိုက်တာအဖွဲ့ထံအစီရင်ခံမည်ဖြစ်သည်။

## ၄။ လူ့အခွင့်အရေး Due Diligence

ယာခုရုတိုအုပ်စုသည် လူ့အခွင့်အရေးကို လေးစားလိုက်နာရန်တာဝန်အား ကျေပွန်စေရန်အတွက် လူ့အခွင့်အရေး Due Diligence ယန္တရားတစ်ခုကို ထူထောင်ပြီးအကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ယာခုရုတိုအုပ်စု၏ လူ့အဖွဲ့အစည်းအပေါ် အနုတ်လက္ခဏာဆောင်သောသက်ရောက်မှုကို လျော့ပါး တားဆီးနိုင်စေရန်အတွက် ပုံဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၅။ ကုစားခြင်း

အကယ်၍ ယာခုရုတိုအုပ်စုကြောင့် လူ့အခွင့်အရေးတိုက်ရိုက်ထိခိုက်စေခြင်း သို့မဟုတ် အနုတ်လက္ခဏာ ဆောင်သောသက်ရောက်မှုကိုဖြစ်ပေါ်စေခြင်းတို့ပေါ်ပေါက်ပါက ၎င်းကိုကုစားနိုင်ရန်အတွက် နိုင်ငံတကာ စံနှုန်းများကိုအခြေခံ၍ သင့်လျော်သောအစီအစဉ်များကို လုပ်ဆောင်မည်ဖြစ်သည်။

**၆။ သတင်းအချက်အလက် ထုတ်ဖော်ပြောခြင်း**

ယာခုရုတိုအုပ်စုသည် ဤမူဝါဒကိုအခြေခံသော လူ့အခွင့်အရေးလေးစားလိုက်နာရန်ကြိုးပမ်းမှုများ၏ တိုးတက်မှုနှင့် ရလဒ်များကို ဝက်ဘ်ဆိုက် အစရှိသည်တို့တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

**၇။ ပါဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း**

ယာခုရုတိုအုပ်စုသည် လူ့အခွင့်အရေးကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများနှင့်ပတ်သက်၍ ဆိုးကျိုးခံစားရသူ သို့မဟုတ် ဆိုးကျိုးခံစားရနိုင်ဖွယ်ရှိသောသူ အစရှိ သဖြင့် ပါဝင်သက်ဆိုင်သူများနှင့်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

**၈။ ပညာရေး၊ လေ့ကျင့်ရေး**

ယာခုရုတိုအုပ်စုသည် ဤမူဝါဒကို လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင်ထည့်သွင်းပြီး သေချာစွာအကောင် အထည်ဖော်နိုင်ရန် အရာရှိများ၊ ဝန်ထမ်းများကို လိုအပ်သောပညာပေးမှုနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

**၉။ စီးပွားရေးလုပ်ငန်းဆောင်တာများနှင့် ဆက်စပ်နေသောလူ့အခွင့်အရေးကိစ္စရပ်များ**

ယာခုရုတိုအုပ်စုသည် စီးပွားရေးလုပ်ငန်းဆောင်တာများနှင့် ဆက်စပ်နေသော အောက်ဖော်ပြပါ လူ့အခွင့်အရေးဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် တာဝန်သိသောစီးပွားရေးလုပ်ငန်း အလေ့ အကျင့်များ၏ အရေးကြီးသောအပိုင်းဖြစ်ကြောင်း အသိအမှတ်ပြုပါသည်။

(၁) ခွဲခြားဆက်ဆံမှုနှင့် နှောက်ယှက်မှုပပျောက်ရေး

ယာခုရုတိုအုပ်စုသည် လူမျိုး၊ ဘာသာ၊ ယုံကြည်မှု၊ နိုင်ငံသား၊ တိုင်းရင်းသား၊ မွေးဖွားရာဇာတိ၊ ပညာအရည်အချင်း၊ အသက်အရွယ်၊ ကျား/မ၊ လိင်ပိုင်းဆိုင်ရာလက္ခဏာ၊ လိင်စိတ်ခံယူမှု၊ မသန်စွမ်းမှု၊ မကျန်းမာမှု ၊ အလုပ်အမျိုးအစား၊ ငါးရမ်းပုံစံတို့ကိုအခြေခံသော မည်သည့်ခွဲခြားဆက်ဆံမှုနှင့် နှောက်ယှက်မှုကိုမျှ ခွင့်ပြုမည်မဟုတ်ပဲ ထိုကဲ့သို့သောအရာများကို ဖယ်ရှားရန် တာဝန်ယူပါသည်။

(၂) ကလေးလုပ်သားနှင့် အဓမ္မခိုင်းစေမှုပပျောက်ရေး

ယာခုရုတိုအုပ်စုသည် ကလေးလုပ်သား၊ အဓမ္မခိုင်းစေမှု၊ ကျွန်လုပ်သား သို့မဟုတ် လူကုန်ကူးမှု တို့ကို ခွင့်မပြုပါ။

(၃) အလုပ်သမားအခြေခံအခွင့်အရေးများကိုလေးစားလိုက်နာခြင်း

ယာခုရုတိုအုပ်စုသည် လွတ်လပ်စွာသင်းဖွဲ့ပိုင်ခွင့်၊ အလုပ်သမားအဖွဲ့အစည်းထူထောင်ခွင့်၊ စုပေါင်း ညှိနှိုင်းပိုင်ခွင့် အစရှိသော အလုပ်သမားအခြေခံအခွင့်အရေးများကိုလေးစားလိုက်နာမည်ဖြစ်သည်။

(၄) သင့်တင့်သောလုပ်ခလစာပေးချေခြင်းနှင့် အလုပ်ချိန်စီမံခန့်ခွဲခြင်း

ယာခုရုတိုအုပ်စုသည် နိုင်ငံအသီးသီး သို့မဟုတ် သက်ဆိုင်ရာဒေသ၏ ဥပဒေစည်းမျဉ်းများကို လိုက်နာပြီး သတ်မှတ်ထားသောအနိမ့်ဆုံးလုပ်ခလစာကိုပြည့်မီ သို့မဟုတ်ကျော်လွန်သော လုပ်ခ လစာကိုပေးချေခြင်းနှင့် အလုပ်ချိန်ကိုကောင်းမွန်စွာစီမံခန့်ခွဲခြင်းအပါအဝင် တာဝန်ယူမှုရှိသော အလုပ်သမား ဆိုင်ရာအလေ့အထများကိုကျင့်သုံးပါမည်။ အလုပ်သမားများ၏ ကျန်းမာရေးကို ထိန်းသိမ်းမြှင့်တင်ခြင်းအတွက် ထိုက်သင့်သောသုံးသပ်မှုကိုပြုလုပ်ပြီး အလုပ်အလွန်အကျွံလုပ်ကိုင်ခြင်းနှင့် အချိန်ပို လုပ်ကိုင်ခြင်းတို့ကိုလျှော့ချပါမည်။

(၅) ဘေးကင်း၊ လုံခြုံစိတ်ချရပြီး ကျန်းမာသော အလုပ်ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်း

ယာခုရုတိုအုပ်စုသည် အလုပ်သမားများ စိတ်အေးချမ်းသာစွာ အလုပ် လုပ်နိုင်သော ဘေးကင်းပြီးသန့်ရှင်းသည့် အလုပ်ပတ်ဝန်းကျင်ကိုဖန်တီးပေးပြီး အလုပ်သမားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း ဆိုင်ရာကျန်းမာရေးကိုမြှင့်တင်ပေးပါမည်။

ဤမူဝါဒကို ယာခုရုတိုကုမ္ပဏီလီမိတက်ရုံးချုပ်၏ ဒါရိုက်တာအဖွဲ့မှအတည်ပြုထားပြီး ကုမ္ပဏီဥက္ကဋ္ဌက လက်မှတ်ရေးထိုးထားသည်။

<u>ထုတ်ပြန်ချက် – ၂၀၂၁ခုနှစ် ဧပြီလ ၂၇ ရက်။</u>



နာရိုတ ဟီရိုရှိ
ယာခုရုတိုကုမ္ပဏီလီမိတက်ရုံးချုပ် ကုမ္ပဏီဥက္ကဋ္ဌ